ငွေရည်ဖွဲ့

# ကျိန်စာသင့် သတို့သမီး



# အပိုင်း(၁)

"ထွက်သွား ... ကောင်မ နင့်ကြောင့်ငါ့သားသေရတာ ... ပန်းပင်တွေရဲ့ ပန်းဝတ်မှုံ ... ပန်းဝတ်ရည်က ချိုသာမှုတွေပေးတယ် ... နင်က နာမည်ကသာ ပန်းဝတ်မှုံ ချိုသာမှုမပေးပဲ ခါးသက်မှုတွေ ယူဆောင်လာတာ ထွက်သွား ... နင်က ကျိန်စာသင့်နေတဲ့ ကောင်မက "

"ပန်း တောင်းပန်ပါတယ် အန်တီ ... ပြီးတော့ ပန်းက အန်တီပြောသလို ကျိန်စာသင့်နေတာ မဟုတ်ဘူး"

"ဘာ ... နင်ကများ ... ကောင်မ "

ဆိုပြီး ... ပန်းရဲ့ပါးကို ရိုက်ဖို့ပြင်လိုက်တဲ့ ... လင်းထင်ရဲ့ အမေ ဒေါ်ထင်သစ္စာကို ယောကျ်ားဖြစ်သူကလှမ်းတားလိုက်သည် ...

"ထင် ... မလုပ်နဲ့"

မင်္ဂလာဆောင်ခန်းမထဲမှာ ငိုကြွေးနေတဲ့ သတို့သမီးလေးပန်းဝတ်မှုံနဲ့ ... သားဖြစ်သူ သေဆုံးသွားတာကြောင့် ... မိခင်တို့သဘာဝ သားကိုချစ်တဲ့ စိတ်ကြောင့် ဒေါသထွက်နေတဲ့ ... ဒေါ်ထင်သစ္စာ

သူများတွေရဲ့ မင်္ဂလာဆောင်က ပျော်ရွှင်မှုတွေပေးပြီး သူတို့ မင်္ဂလာဆောင် မှာတော့ ... ဝမ်းနည်းမှုတွေ ပြည့်နေတယ် ...

အဲ့လိုဖြစ်ရတဲ့ အကြောင်းရင်းက ... ပန်းဝတ်မှုံဆိုတဲ့ ကောင်မလေး ကြောင့် ... မွေးကတည်းက ကျိန်စာသင့်ခဲ့ရပြီး ... မိဘများက ငယ်ငယ်လေး ကတည်းက သေဆုံးခဲ့တယ် ...အဒေါ်ဖြစ်သူနဲ့ ပန်းကမ္ဘာစံအိမ်

မှာ အခြွေအရံတွေနဲ့ နေခဲ့ရတဲ့ကောင်မလေး ... ပိုက်ဆံ ချမ်းသာတယ် ... လှူလည်းလှတယ် ... ဒါပေမဲ့ ဆိုးနေတာ သူ့မှာပါလာတဲ့ ကျိန်စာပဲ ... ဘယ်လိုကြောင့် ဖြစ်ခဲ့မှန်း မသိပေမဲ့ ... သူနဲ့ချစ်သူဖြစ်ပြီး လက်ထပ်တဲ့ လူတိုင်းက သေဖို့ကံကြမ္မာ ပါလာခဲ့တယ်...

ပထမ တစ်ယောက်တုန်းက ဒေါ်လေးက ပြောတာ တိုက်ဆိုင်လို့ဖြစ်ခဲ့တာ တဲ့ ... ကျွန်မမှာ ကျိန်စာပါတာ ကျွန်မ မသိဘူး ... ဒုတိယတစ်ယောက် ဖြစ်သူ လင်းထင်နဲ့ ... လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တယ် ... သူ့ရဲ့မိဘတွေနဲ့ တွေ့ပေးတော့ ... ဒေါ်လေးက ပြောသလို ပန်းပြောပြခဲ့တယ် သူတို့လည်း ဒေါ်လေးလိုပဲ တိုက်ဆိုင်လို့ပါလို့ ပြောခဲ့တယ် ... အခု သူတို့ပြောသလို ပန်းတကယ် ကျိန်စာ သင့်နေတာလား ...

"ငါပြောနေတယ် ... နင်နားမပါဘူးလား"

ဒေါ်ထင်သစ္စာ ပြောနေတာကို ဘာမှပြန်မပြောဘဲ ငြိမ်နေတဲ့ တူမဖြစ်သူ ကို ကြည့်ကာ ... ဒေါ်ပန်းသဇင် ... ဒေါသထွက်ပြီး ... ဒေါ်ထင်သစ္စာ ကို ပြောလိုက်သည် ...

"ဒီမှာ ... ဒေါ်ထင်သစ္စာ ဒီကိစ္စမှာ ကျွန်မတူမလေးက မမှားသလို ... ရှင် တို့နဲ့တွေ့တုန်းက ပြောပြတော့ ... အယုံကြည်မရှိဘူး တိုက်ဆိုင်တာပါလို့ ပြောခဲ့တယ်လေ ... အခုရှင်တို့သား သေတော့ ကျွန်မတူမကြောင့်ဆိုပဲ"

ဒေါ်ပန်းသဇင် စကားကြောင့် ဒေါ်ထင်သစ္စာ စကား ထပ်မပြောနိုင်အောင် ဖြစ်သွားသည် ...

ဒေါ်ပန်းသဇင်တူမဖြစ်သူပန်းဝတ်မှုံကို ခေါ်ရန် ... တူမဖြစ်သူဘက် လှည့်လိုက်သည် ...

"သမီး ... ပန်းလေးထ ... အန်တီတို့ပြန်မယ်"

"အန်တီသဇင် ... သမီး"

ဒေါ်ပန်းသဇင် တူမဖြစ်သူစကားကို မကြားချင်တာကြောင့် ... လက်ကို ဆွဲကာ ခန်းမထဲက ထွက်လာခဲ့သည် ...

"အန်တီသဇင် ... မောင် ... မောင်လည်း သေသွားပြန်ပြီ ... သူတို့ ပြောသလို ... သမီးက တကယ်ပဲ ကျိန်စာသင့်နေပြီလား "

"မဟုတ်ပါဘူးသမီးရဲ့ ... အဲဒါ တွေမတွေးနဲ့နော် ... အခု အန်တီတို့ စံအိမ်ပြန်မယ် ... မေ့ထားလိုက်တော့ ... ဟိုရောက်ရင် ... ဆေးသောက် လိုက်နော် "

"ဘယ်လိုလူကများ ... ပန်းကို ကျိန်စာတိုက်ခဲ့တာလဲ"

သမီးရယ် ... ကျိန်စာကသမီးကိုတိုက်ခဲ့တာမဟုတ်ဘူး ... သမီးရဲ့မေမေ ... အန်တီ့ရဲ့ အစ်မ ပန်းခရေကို တိုက်ခဲ့တာ ... သနားစရာ အန်တီ့ ရဲ့တူမလေးက ပြန်ခံရတာပါ ... လို့ဒေါ်ပန်းသဇင် စိတ်ထဲကပဲ ပြော လိုက်သည် ...

* * *

စံအိမ်ရောက်တော့ ... အိမ်က အလုပ်သမားတွေကို ... ဒေါ်ပန်းသဇင် လှမ်းခေါ်လိုက်သည်

"ကြီးရင်နဲ့ ... ပုလုံး "

"လာပီ ... သခင်မ "

ကြီးရင်နဲ့ ... ပုလုံးအနားရောက်တော့ ...

"တူမလေးကို ... အခန်းထဲခေါ်ပြီး ... ဆေးလေးတိုက်လိုက်ဦး... ပုလုံး အဝတ်စားတွေ ကူချွတ်ပေးလိုက်နော် "

"ဟုတ် "

ဒေါ်သဇင် ... တူမလေးထွက်သွားတော့ ... စိတ်ညစ်ကာ ... ဆိုဖာပေါ် ထိုင်ချလိုက်သည်... စိတ်ထဲလဲမှာလည်း ... မမရေ ... နင့်ရဲ့ကျိန်စာက အခုအပြစ်မရှိတဲ့ ... ငါ့ရဲ့တူမလေးပေါ် ကျရောက်လာပြီ ... နင်တို့က တမလွန်မှာ ဘာမှမဖြစ်ပေမဲ့ ကျန်ခဲ့တဲ့ ငါ့တူမလေးမှာ ... ဒုက္ခတွေခံနေရပြီ ... ငါ့တူမလေးကို ကြိုက်တဲ့လူမှန်သမျှက ဒုက္ခရောက်ကြတယ် ... လက်ထပ်ရင်သေတယ် ... သူက အဲဒါတွေမသိဘူး ... ငါဖုံးကွယ်ထားခဲ့တာ ... အခုတော့ မရတော့ဘူး ...

... ... ... ...

ပန်းအခန်းထဲရောက်တော့ ... ပုလုံးက

"သခင်မလေး ... ဆံထုံးအရင် ဖြုတ်မယ်နော်"

"ပုလုံး ကောင်းသလိုသာလုပ်ပါ ... ပန်းကတော့ အခုနားချင်နေပြီ "

"ပုလုံး မြန်မြန်လုပ်ပေးမယ်နော် "

"အင်း"

ကြီးရင်က အနားရောက်ကာ သူမကို ဆေးလှမ်းပေးသည် ...

"သမီးရော့"

"ဟုတ် "

ပန်း ဆေးသောက်နေရတာက ... မွေးကတည်းက ပန်းမှာ နှလုံးရောဂါပါလာခဲ့တာလို့ အန်တီကပြောတယ် ... ဒါကြောင့် အန်တီက... ငယ်ငယ်လေးထဲက မိဘတွေမရှိတော့တဲ့ ရောဂါသည် ပန်းကို ပိုးမွေးသလို မွေးခဲ့တာ ... ဒါတွေလည်း ဘာကြောင့်ဖြစ်မှန်း ပန်းမသိဘူး ... စောနက မောင့်ရဲ့မေမေက ပြောတာ ပန်းက ကျိန်စာသင့်နေတာတဲ့ ... သူတို့ပြောသလို ပန်းက တကယ် ကျိန်စာသင့်နေတဲ့သူလား ... ပန်းတွေးနေတာ ပု

လုံးခေါ်တာတောင် မကြားပါ ...

"သခင်မလေး ... သခင်မလေးပန်းဝတ်မှုံ"

လို့ ပုလုံးခေါ်လိုက်မှ ပန်းအတွေးရပ်သွားသည်

"ဟင် ... ဘာလဲ ... ပုလုံး ... "

"ဟို ... သခင်မလေး ... အကျီလဲမယ်နော်"

"အင်း "

ပန်းအဝတ်စား လဲပြီးတော့ ထွက်သွားကြဖို့ပြင်နေတဲ့ ... ပုလုံးနဲ့ကြီးရင် ထဲက ... ကြီးရင်ကို ပန်းခေါ်လိုက်သည် ...

"ကြီးရင် "

ကြီးရင်လည်း ပန်းခေါ်တာကြောင့် လှည့်ကြည့်ပြီး ရပ်နေလိုက်သည် ...

"ဘာလဲသမီး"

"ကြီးရင်က သမီးကို ထိန်းခဲ့တာနော်"

"ဟုတ်တယ်လေ သမီး "

"ဒါဆို ကြီးရင် ဒီမှာ အလုပ်လုပ်တာ ကြာပြီပေါ့"

"အင်း သမီး ... ဘာလို့လဲ"

"ဒါဆို သမီး တစ်ခုလောက်မေးမယ် ... ကြီးရင်ဖြေမလား"

"ဘာမေးမှာလဲ ... ကြီးရင်ဖြေနိုင်တာဆို အတတ်နိုင်ဆုံး ဖြေပေးပါ့မယ် သမီး"

"ကြီးရင် ... အခုလည်းလေ မင်္ဂလာဆောင်မှာ ... မောင်သေသွားပြန် ပြီ ... "

ပန်းစကားကြားတော့ ... ဒေါ်ရင်အံ့ဩသွားသည်

"ဟင်"

"ဟုတ်တယ်ကြီးရင် ... အဲဒါကိုလေ... မောင့်မေမေက... ပန်းက ကျိန်စာသင့်နေတာလို့ ပြောတယ် ... အဲဒါ ဟုတ်လားကြီးရင် "

ဒေါ်ရင်လည်း ဘာပြောရမှန်းမသိ ဖြစ်သွားခဲ့သည် ... နောက်မှ... သဇင်လေးပြောတဲ့ (ကြီးရင်သမီးလေးကို ဒီအကြောင်းတွေ မသိစေနဲ့နော် ... သူစိတ်ဆင်းရဲမှာစိုးလို့ ... သူ့ကို သူကျိန်စာသင့် ... နေတာလို့လဲ မမြင်စေချင်ဘူး ... ) စကားကို ကြားယောင်ကာ

"မဟုတ်ပါဘူး ... သမီးရဲ့ ... သူ့ဟာသူ သေနေ့စေ့လို့ သေရတာ သမီးလေးနဲ့ ဘာမှမဆိုင်ဘူး"

"ဟုတ်လို့လား "

"ဟုတ်ပါတယ်သမီးရဲ့ စိတ်ထဲမထားနဲ့နော် ... ကြီးရင်သွားတော့မယ်"

လို့ပြောကာ ... ပန်းအရှေ့မှ အလျင်မြန် ထွက်လာခဲ့တော့သည် ...

အိမ်အောက်ရောက်တော့ ... ...

ဧည့်ခန်းထဲမှာ ထိုင်နေတဲ့ သဇင်လေးက ...

"ကြီးရင် ... သမီးလေး ဘာတွေမေးသေးလဲ"

ဒေါ်ရင်လည်း ... ပန်းလေးမေးတဲ့အကြောင်းကို သဇင့်ကို ပြောပြလိုက်သည်

"အဲဒါပါပဲသမီး "

"ဟွန့် ... ခတ်တယ်ကြီးရင်ရယ် ... သဇင်လည်း ဘာလုပ်ရမှန်း မသိတော့ဘူး "

"ဘာမှတွေးမနေပါနဲ့တော့ ... သဇင်လေးလည်း ပင်ပန်းနေပြီ ... နားတော့လေ"

"အင်း ... သဇင် ... နားတော့မယ်နော်ကြီးရင် ... "

လို့ ပြောကာ အခန်းထဲ ဝင်လာခဲ့တော့သည် ...

* * *

ညရောက်တော့ ... ပန်းမအိပ်ချင်သေးတာနဲ့ ... လေသာဆောင်ဘက် ထွက်ကာ ... လမင်းကြီးကို လှမ်းကြည့်နေသည် ... ပြီးတော့ ...

"ဖေဖေနဲ့မေမေ ဘယ်ရောက်နေလဲဟင် ... လူတွေကလေ ... ပန်းကို ကျိန်စာသင့်နေတယ်လို့ ပြောနေကြတယ် ... အဲဒီအကြောင်းကို မေမေ့ကို ပန်းရင်ဖွင့်ချင်တယ် သိလား ... အခုတော့ မေမေလို့တောင် ပန်းမှာ ခေါ်ခွင့်မရှိဘူး ... ဖေဖေနဲ့မေမေဆိုတာ ပန်းဓာတ်ပုံထဲမှာပဲ တွေ့ခဲ့ရတယ် ... ပန်း သူများတွေလို ငယ်ငယ်ကတည်းက ဖေဖေမေမေလို့ ချွဲကာနေချင်ခဲ့တာသိလား ... အခုတော့ ... အခုတော့"

လို့ပြောကာ ... ပန်းစိတ်မထိန်းနိုင်ဘဲ ငိုနေသည်

ဒေါ်ပန်းသဇင်လည်း သမီးလေး အသံကြားတာနဲ့...ထွက်လာရာ လေသာဆောင်မှာ ငိုနေတဲ့ သမီးလေးကို တွေ့လိုက်သည် ...သူသွားရင် ပိုပြီးငိုမှာ စိုးတာကြောင့် မသွားပဲ ရပ်ကြည့် နေလိုက်သည် ... ငိုလွန်းအားကြီးကာ ... မေ့လဲသွားမှာစိုးလို့ပါ ... သူ့ရဲ့ စိုးရိမ်နေတဲ့ စိတ်ကလေးတောင် မပြီးသေးဘူး ... ပန်း မေ့လဲသွားသည် ...

ဒေါ်သဇင် သမီးအနား အမြန်သွားကာ ... လှမ်းထိန်းလိုက်သည် ...

"သမီး ... သမီးလေး ... ပန်း ... ပန်းဝတ်မှုံသမီးလေး"

"ကြီးရင်ရေလာပါဦး ... ဘမြနဲ့ ... ကျော်လေးရော လာခဲ့ပါဦး "

ပန်းသဇင်ရဲ့အသံကြောင့် ... အလုပ်သမားတန်းလျားမှာ နားနေတဲ့လူတွေ အပေါ်ထပ်ကို အပြေး ရောက်လာခဲ့သည် ...

"သမီး ... ဘာဖြစ်"

ဒေါ်ရင်စကားဆုံးအောင် မပြောလိုက်နိုင်ဘူး ... သဇင့်ရဲ့လက်ထဲမှာ မေ့နေတဲ့ ပန်းလေးကို မြင်သွားသည် ...

"ဟင် ... ပန်းလေး"

"ဟုတ်တယ်ကြီးရင် ... Family Doctor ကို ဖုန်းလှမ်းဆက်ပါ ... "

"ဘမြ ... သဇင့်ကိုကူပြီး ... တူမလေးကို အခန်းထဲပို့ပေးပါနော်"

"အင်းတူမကြီး ... "

"မောင်ကျော် ... အနောက်က လိုက်ခဲ့"

သဇင်အားလုံးကို ... တာဝန်အသီးသီး ပေးကာ ... ဘမြနဲ့အတူ တူမလေးကို ... ထိန်းပြီး အခန်းထဲ ဝင်လာခဲ့တော့သည် ...

သဇင်တို့ ... အခန်းထဲရောက်တော့ ... ကြီးရင်ဝင်လာခဲ့သည် ...

"ကြီးရင်ဘာတဲ့လဲ"

"ဟို ... ဆရာဝန်က နိုင်ငံခြားရောက်နေလို့ ... သူ့ရဲ့စိတ်ချရတဲ့ တပည့် တစ်ယောက်ကို လွှတ်လိုက်မယ်တဲ့ "

"အဲဒီလူကရော ... အခုလာပြီလား ... "

"အဲဒါတော့ ကြီးရင်လည်း မသိဘူး ... ရောက်လောက်တော့မှာပါ ... ဟော ... အောက်မှာ ကားသံကြားတယ် "

"ဒါဆို ... မောင်ကျော် ... သွားခေါ်လိုက် ဆရာဝန်နေမှာ ... "

"ဟုတ် ... သခင်မ ... "

မောင်ကျော်လည်း ... သခင်မက ပြောတာကြောင့် ... အောက်ကို ဆင်းပြီး ဆရာဝန်ကို ခေါ်ဖို့ဆင်းလာခဲ့သည် ...

"ဟို ... ဆရာလာ ... "

"အင်း ... "

ခိုက်လည်း ကောင်လေး တစ်ယောက် လာခေါ်တာကြောင့် အနောက်က လိုက်သွားခဲ့သည် ... အပေါ်ရောက်တော့ အခန်းထဲက ခုတင်ပေါ်မှာ ... မှေ့နေတဲ့ကောင်မလေးကို မြင်ပြီး ... ခိုက် ရင်ခုန်သွားသည် ...

"ဆရာ ... ဝင်လေ"

"ဩော် ... အင်း"

ခိုက်လည်း ... ခုတင်နားထိုင်ကာ ကောင်မလေးကို စမ်းသပ်လိုက်သည် ...

"ဟို ... လူနာနဲ့ဘာတော်လဲ ... "

"ကျွန်မက ... သူ့အဒေါ်ပါ"

"အဒေါ်ဆိုတော့ ... ကျွန်တော် အဓိကမှာချင်တာက လူနာကို စိတ်ချမ်းသာအောင် ထားဖို့ပါပဲ ... ပြီးတော့ လူနာက အိပ်ရေးတွေပျက်ပြီး ... ငိုထားတဲ့အရှိန်ကြောင့် မေ့လဲသွားတာ ... ကျွန်တော်ဆေးတစ်လုံး ထိုးပေးခဲ့တယ်...ဆေးလဲပေးခဲ့မယ် ... စိတ်ဆင်းရဲစရာတွေလည်း မဖြစ်စေနဲ့ ... "

"ကျွန်မတို့လည်း ... သူ့မှာရောဂါရှိတာ သိလို့ တတ်နိုင်သလောက်ကို မဟုတ်ပါဘူး ... အမြဲ စိတ်ချမ်းသာအောင် ထားတယ် ... ငယ်ငယ်လေးကတည်းက မိဘတွေမရှိတော့ ... ပိုးမွေးသလို မွေးခဲ့တာ ... အခုဟာကလည်း ... မင်္ဂလာဆောင်ကြောင့် စိတ်ပင်ပန်းပြီး ... ဖြစ်သွားတာနေမှာ ... "

"ဗျာ "

မိုးခိုက်ဦး ... သူ့ရှေ့ကလူရဲ့ ပြောစကားကြောင့် အံ့သြသွားသည် ... ဒါဆို ... အဲ့ကောင်မလေးမှာ ယောက်ျားရှိမှာပေါ့ ... ဒါဆို သူ့ယောက်ျားက ရော ...

"သူ့မှာ ... ယောက်ျားရှိတယ်ပေါ့ ... သူ့ယောက်ျားက ဘယ်မှာလဲ"

"မရှိဘူး ... သေပြီ"

"ဗျာ "

ထပ်ပြီးအံ့သြသွားရသည် ...

"သေပြီ ... "

"ဟုတ်တယ် ... သေပြီ ... မနက်က မင်္ဂလာဆောင်ရင်းနဲ့ပဲ သေသွားတာမင်္ဂလာပွဲတောင် မစလိုက်ရဘူး ... ထားလိုက်ပါတော့ ... အခုပြီးပြီမလား ... မင်းနာမည် ဘယ်လိုခေါ်လဲ ... တို့နာမည်က ... ပန်းသဇင် ... တူမလေးရဲ့နာမည်က ... ပန်းဝတ်မှုံ"

"ဟုတ် ... ကျွန်တော့်နာမည် မိုးခိုက်ဦးပါ ... အန်ကယ်ဦးဝင်းထွန်းရဲ့ တပည့်"

"အင်း ... မှတ်ထားပါ့မယ် ... မင်းဖုန်းနံပါတ်ပေးခဲ့ ... ဒေါက်တာက ဒီမှာမရှိတော့ ... တူမလေး တစ်ခုခုဖြစ်ရင် မင်းကိုအားကိုးရမှာ"

"ဟုတ် ... ကျွန်တော့်ဖုန်းနံပါတ်က ... 09 ... ... "

"ရပြီ"

"ဒါဆို ကျွန်တော် ပြန်တော့မယ်နော်"

"အင်း ... မောင်ကျော် လိုက်ပို့လိုက်ဦး"

"ဟုတ် "

ခိုက်လည်း ... မောင်ကျော်ဆိုတဲ့ ကောင်လေး လိုက်ပို့တော့ ... ကားပေါ် ပစ္စည်းတင်ကာ ထိုကောင်လေးကို နှုတ်ဆက်ပြီး ထွက်လာခဲ့တော့သည် ...

* * *

ခိုက် အိမ်ပြန်ရောက်တော့ ...

မေမေက

"သား ... ပြန်လာပြီလား ... ဘာဖြစ်လာတာလဲ ... "

"ဘာမှထွေထွေထူးထူး မဟုတ်ပါဘူးမေမေ ... သားနားချင်လို့... မနက်မှ အကြောင်းစုံ ပြောပြမယ်နော် "

"အေးအေး ... သားနားတော့လေ ... "

ခိုက် မေမေ့ကို နားမယ်လို့သာ ပြောတာ အခန်းထဲရောက်တော့ ဟိုကောင်လေးအကြောင်း စဉ်းစားနေသည် ...

တော်တော်လှတဲ့ ကောင်မလေး ... မေ့လဲနေတော့ မှိတ်ထားတဲ့ မျက်လုံးတွေကို မမြင်ရပေမဲ့ တော်တော်လှမယ်လို့ ထင်တယ် ... မျက်တောင်လေးတွေက ရှည်လျား ကော့ညွတ်နေပြီး ... ပါးလေးတွေက ဆေးမကူပဲ နီရဲနေလေရဲ့ ... အသားအရေလေးက ဖွေးဥကာ ... ရှည်လျားနက်မှောင်တဲ့ ဆံနွယ်လေးတွေက မျက်နှာပေါ် ... ကပိုကရို ရှိနေသည် ... နှုတ်ခမ်းလေးတွေက ... စတော်ဘယ်ရီသီးလေးလို နီနီရဲရဲလေးက ဆွဲယူနမ်းရှိုက်ပစ်ချင်စရာ ... ဟာ ... ငါဘာတွေ တွေးနေတာလဲ

နေပါဦးသူ့အဒေါ်ပြောတာ ... ဒီနေ့မင်္ဂလာဆောင်တယ် ... သတို့သားကလည်း မင်္ဂလာဆောင်မှာ သေသွားတယ် ... ဘာကြောင့်လဲ မသိပေမဲ့ ကိုယ် မင်းအကြောင်းကို စုံစမ်းရတော့မယ် ကောင်မလေးရေ။ မိုးခိုက်ဦးဆို

တဲ့ ဒီကောင့်ရဲ့နှလုံးသားကို မင်းပိုင်ဆိုင်သွားပြီ ...

*****